**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ**

နိုင်ငံတော်၏ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကိုတစ်ဖက်တစ်လမ်းမှအထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျှက်ရှိပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပုံစံဖြင့် ကျား (၆၉၇၁)ဦး၊ မ (၁၃၉၂၆)ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း (၂၀၈၉၇) ဦး ချုပ်ဆိုခဲ့ပါသည်။ အလုပ်ရှင်/ အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၇ခုနှစ် နိုဝင်ဘာလအတွင်း လက်ခံရရှိမှု (၈၉) မှုတွင် ကျေအေးမှု (၁၈) မှု၊ ပြည်နယ်နှင့်တိုင်းခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု (၁၅) မှု၊ ပိတ်သိမ်းမှု ( ၁ ) မှုတို့ဖြစ်ပြီး ကျန် (၅၅)မှုအတွက် ခံစားခွင့် ရှိသူ ၁၄၇ ဦးအားငွေကျပ် ၄၈,၅၄၄,၉၀၃ ကိုခံစားစေခဲ့ပါသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရောဂါတခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ် သိန်းပေါင်း ၇၅၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/ အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/ အလုပ်ရုံ (၅၆၁) ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာသိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၃၂၈) ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာအငြင်းပွားမှု (၇) မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား (၂၄၀) ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် ၄,၅၃၆,၀၀၀ ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာအငြင်းပွားမှု (၁၃) မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား (၁၁) ဦးအတွက် ၄,၂၅၆,၀၀၀ ကျပ် ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများ အား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၉၀၀၀ ကျော် အကျိုးခံစားခွင့်ပေး ခဲ့ပြီး အာမခံအလုပ်သမား ၃၇၈ ဦး အတွက်ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၄၂၀ ကျော် ပြန်လည် ထုတ်ပေးခဲ့ပါသည်။

အာမခံအလုပ်သမားများအား ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| (က) | အလုပ်သမားဆေးရုံကြီး (၃)ရုံ<br>(ပြင်ပလူနာ ၆၇၃၆ ဦး ၊ အတွင်းလူနာ ၇၀၄ ဦး) | ၇၄၄၀ ဦး |
| (ခ ) | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊<br>ဌာနကြီးဆေးခန်း(၅၅)ခန်းနှင့် လူမှုဖူလုံရေး-<br>ကဲဝဲလ်ဆေးခန်းတို့မှ ဆေးကုသပေးမှု | ၆၈၂၀၇ ဦး |
| (ဂ ) | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ<br>ဆရာဝန်များကွင်းဆင်းဆေးကုသပေးမှု (၃)ကြိမ် | ၁၀၀၆ ဦး |
| (ဃ) | လူမှုဖူလုံရေးဆေးခန်းများမှ<br>ဆရာဝန်များကွင်းဆင်းဆေးကုသမှု (၁၁၇)ကြိမ် | ၃၈၉၅ ဦး |